**ထွန်းသစ်စ အာရှသည် ကျန်းမာသည့် အလယ်အလတ်တန်းစား ကြီးထွားမှုမျိုးအဖြစ်မြင်တွေ့ရသော်လည်း အဖွဲ့အစည်းတွင်း ပြုပြင်ပြောင်းလဲမှုများသည် အနာဂတ်အတွက် အရေးပါကြောင်းကို OECD Development Centre မှာ ပြောကြားသည်။**

**နေပြည်တော်၊ မြန်မာ၊ ၁၃ နိုဝင်ဘာ ၂၀၁၄** - အခြားသော OECD နိုင်ငံများ၏ အသွင်အပြင်သည် အပြောင်းအလဲမရှိ ငြိမ်နေမည်ဖြစ်သော်လည်း ထွန်းသစ်စ အာရှသည် ကျန်းမာသော ကြီးထွားမှုမျိုးနှင့် အလယ်အလတ်တန်းစား ကြီးထွားလာလိမ့်မည်ဟု နောက်ဆုံးထုတ် အရှေ့တောင်အာရှ၊ တရုတ်နှင့် အိန္ဒိယ စီးပွားရေးဆိုင်ရာ ရှုမြင်သုံးသပ်ချက်အရ ခန့်မှန်းရပါသည်။ အာဆီယံ - ၁၀ နိုင်ငံ၊ တရုတ်နှင့် အိန္ဒိယ၏ နှစ်စဉ် ဂျီဒီပီတိုးတက်နှုန်းသည် ၂၀၁၅-၂၀၁၉ တွင် ပျမ်းမျှ ၆.၅% ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ အာဆီယံ ၁၀ နိုင်ငံအတွင်း ကြီးထွားမှုအဟုန်သည် ဆက်လက် တောင့်တင်းခိုင်မာနေမည်ဖြစ်ပြီး ၂၀၁၅-၁၉ တွင် ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်း ၅.၆% ရှိနေလိမ့်မည်။ ဒေသအတွင်းနှင့် ပြင်ပ စိမ်ခေါ်မှုများရှိနေသော်ငြားလည်း ပြုပြင်ပြောင်းလဲရေး၊ ဒေသတွင်း ပေါင်းစည်းရေးနှင့် အဖွဲ့အစည်းအတွင်း စွမ်းရည်မြှင့်တင်ရေးများသည်လည်း အရေးပါသည့်အလျောက် ဆက်လက်ပေါ်ထွန်းနေပေလိမ့်မည်။

ရှုမြင်သုံးသပ်ချက်သည် အာဆီယံ စီးပွားရေး အင်အားကြီး ၅ နိုင်ငံ - **အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် - သည် အင်ဒိုနီးရှား (၆.၁%) နှင့် ဖိလစ်ပိုင် (၆.၂%)မှ ဦးဆောင်ပြီး အလယ်အလတ်စားဖြင့်** ၄င်းတို့၏ တိုးတက်မှုအဟုန်ကို ဆက်လက်ထိန်းထားနိုင်မည်ဟု သုံးသပ်သည်။ ဘရူနိုင်းနှင့် စင်္ကာပူတို့၏ စီးပွားရေးသည် တည်ငြိမ်နေနိုင်ပြီး ကမ္ဘောဒီယား၊ လာအိုနှင့် မြန်မာတို့သည် နှစ်စဉ် ၇% ကျော်လွန်ကာ **အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု မျှော်မှန်းသည်။**

ထွန်းသစ်စအာရှ၏ အကြီးဆုံးစီးပွားရေး ၂ ခုဖြစ်မှ တရုတ်၏ တိုးတက်မှုနှုန်းသည် ဒေသတွင်းအခြေအနေအပြောင်းအလဲများအရ ရင်းနှီးမြှုပ်နှံမှုမှ စားသုံးမှုဦးဆောင်သည့် တိုးတက်မှုဖြစ်လာနိုင်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ပညာရေးဆိုင်ရာ စိမ်ခေါ်မှုများကြောင့် ၂၀၁၅-၁၉ တွင် ၆.၈% **သို့ အနည်းငယ်နှေးကွေးသွားမည်ဟု ခန့်မှန်းထားသည်။** အစိုးရအသစ်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များမှ

Under embargo until 13 November 2014, 13:30 p.m. Myanmar time (GMT +6:30)

ဖြစ်ပေါ်လာနိုင်သည့် တွန်းအားပေးမှုများ မရှိခင်အထိ အိန္ဒိယ၏ တိုးတက်မှုနှုန်းသည် ၆.၇ % တွင် တည်ငြိမ်နေသင့်သည်။

'ထွန်းသစ်စ အာရှ၏ စီးပွားရေးအခြေအနေသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိကြောင်း ပြသနေသော်လည်း ၄င်းတို့သည် အချို့သော စိမ်ခေါ်မှုများဖြစ်သည့် ပြင်ပ ဝယ်လိုအား ရင်းမြစ်များ နှေးကွေးလာခြင်းနှင့် ဒေသတွင်း နိုင်ငံရေး မငြိမ်သက်မှုများနှင့် ထိတွေ့နေအုံးမည်ဖြစ်သည်' ဟု OECD ဒုတိယ အတွင်းရေးမှူးချုပ် Rintaro Tamaki မှ မြန်မာနိုင်ငံတွင် ကျင်းပသည့် အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပါသည်။ 'အာဆီယံ စီးပွားရေးရပ်ဝန်း ၂၀၁၅ အား တည်ဆောက်ရန် ဒေသတွင်းပေါင်းစပ်မှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်ရန်လိုအပ်နေပြီး ၄င်းသည် ပဋိလိကကဏ္ဍအတွင်း ပြည်တွင်း လုပ်ကိုင်နိုင်စွမ်းရည်များကို တည်ဆောက်ပေးပြီး တိုးတက်မှုနှင့် ကြီးထွားမှုကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် မူဝါဒများချမှတ်အကောင် အထည်ဖော်ခြင်းကို ထောက်ပံ့ပေးမည်ဖြစ်သည်။'

'အင်အားပြည့်ဝသည့် အဖွဲ့အစည်းတွင်းစွမ်းဆောင်ရည်များနှင့် ထိရောက်သော အစိုးရအဖွဲ့အစည်းများကို ဒေသတစ်ဝှမ်းလိုအပ်ပြီး ရေရှည်အကျိုးရှိပြီး အားလုံးပါဝင်သည့် တိုးတက်မှုမျိုးအား ထိန်းသိမ်းပေးရမည်ဖြစ်သည်။ ရှုမြင်သုံးသပ်ချက်သည် သင့်လျော်စွာ အရှိန်အပိုင်းအခြားရှိပြီး ကောင်းမွန်စွာ ဒီဇိုင်းဆွဲထားကာ ပြည့်စုံလုံလောက်ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲရေးများ၏ အရေးကြီးပုံများကို မီးမောင်းထိုးပြထားပြီး ၄င်းတို့၏ ရလာဒ်များကို ဖန်တီးရာတွင် နိုင်ငံအလိုက် ထူးခြားသည့် နောက်ခံအကြောင်းအရာများ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုကြောင်း' OECD Development Centre ဒါရိုက်တာ Mario Pezzini မှ ပြောကြားသည်။'

အမျိုးသား အလယ်အလတ်အဆင့် ဖွံ့ဖြိုးရေးစီမံကိန်းများသည် အစိုးရများ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကောင်းမွန်စွာ ရှာဖွေဖော်ပြရန် ဦးတည်ထားသည်။ ဦးတည်ချက်များကို ရလာဒ်များအဖြစ်ပြောင်းလဲရန်မှာ နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်း မူဝါဒအပိုင်းတွင် ကြီးစွာသော မတူညီမှုများ ရှိနေပါလိမ့်မည်။

ဥပမာ - အင်ဒိုနီးရှား၏ အလယ်အလတ်ဖွံ့ဖြိုးရေး စီမံချက် (၂၀၁၀-၂၀၁၄)နှင့် ဖိလစ်ပိုင် ဖွံ့ဖြိုးရေး စီမံချက် (၂၀၁၁-၂၀၁၆) သည် ခိုင်မာသည့် စီးပွာရေးဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းခဲ့သော်လည်း မတူညီမှုများကို လျှော့ချရန်အတွက်မူ အခက်အခဲများ ရှိနေဆဲဖြစ်သည်။ မလေးရှား၏ ဆယ်ကြိမ်မြောက် စီမံချက် (၂၀၁၁-၂၀၁၅) သည် နိုင်ငံအား စိတ်ကြိုက်လမ်းကြောင်းတစ်ခုပေါ်တွင် ခိုင်မာသည့် ကြီးထွားနှုန်းရရှိလိမ့်မည်ဟု ခန့်မှန်းထားသော်လည်း အားလုံးပါဝင်မှုနှင့် ရေရှည်အကျိုးရှိစေခြင်း စသည့်

Under embargo until 12 November 2014 13:30 p.m. Myanmar time (GMT +6:30)

ဦးတည်ချက်များရောက်ရှိရန်အတွက်မှ လုပ်စရာ အများအပြားကျန်ရှိနေသေးသည်။ မလေးရှားသည် ဝင်ငွေကောင်းသည့် နိုင်ငံဖြစ်လာစေရန် ၄င်း၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်လိုအပ်သည်။

ဒေသတွင်း နိုင်ငံတော်တော်များများသည် အစိုးရ ထိရောက်မှု ညွှန်းကိန်းနှင့် ပြည်သူ့ကဏ္ဍ အခြားသော လုပ်ဆောင်ချက်တိုးတာမှုများတွင် တိုးတက်ရန်လိုအပ်နေသေးသော်လည်း အရှေ့တောင်အာရှ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ပြည်သူ့ကဏ္ဍပြုပြင်ပြောင်းလဲမှုများသည် ရေရှည်အကျိုးရှိသည့် လုပ်ငန်းစဉ်အဖြစ် ဆက်သွားနေသည်။

ထို့နည်းတူစွာ ထွန်းသစ်စ အာရှသည် ဈေးကွက်တည်မှီနေရသည့် အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ခြင်း - တရားဥပဒေစိုးမိုးရေးနှင့် စာချုပ်စာတမ်း ဖိအားပေးမှု - နှင့် ပုဂ္ဂလိကကဏ္ဍအား တောင်းဆိုထားသည့် အခွန်အခနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာစေခြင်းအား အောင်မြင်စွာ ရောမွှေထားနိုင်သည်။ ၄င်း ဧရိယာများသည် အားနည်းချက်များဖြစ်လာနိုင်ပြီး အမှန်တကယ် တိုးတက်နိုင်ခြေရှိမှုနှင့် ပြုလွယ်ပြင်လွယ် တရားဝင်ဈေးကွက်တိုးချဲ့မှုကို နှောင့်နှေးစေခြင်းတို့ကြောင့် နည်းလမ်းတကျ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။

**နောက်ထပ်သတင်းအချက်အလက်များအတွက် ဆက်သွယ်ရန် -**

OECD Development Centre, Kensuke Tanaka (+33 01 45 24 87 33), Bochra Kriout (+33 01 45 24 82 96) သို့မဟုတ် OECD Media Divsion (+33 01 45 24 97 00).

အရှေ့တောင်အာရှ၊ တရုတ်နှင့် အိန္ဒိယတို့၏ နိုင်ငံအလိုက် မူဝါဒများအား အာရုံစိုက်ဖော်ပြထားသည့် စီးပွားရေးရှုမြင်သုံးသပ်ချက် ပဏ္ဍာမ တင်ဆက်မှု သတင်းအချက်အလက်များအတွက် - www.oecd.org/site/seao. သို့ လာရောက်လည်ပတ်ပါ။

ရှုမြင်သုံးသပ်ချက်သည် OECD အရှေ့တောင်အာရှ ဒေသတွင်းအစီအစဉ်များသို့ အကူအညီပေးပြီး ၂၀၁၄ OECD ဝန်ကြီးဌာနဆိုင်ရာ ကောင်စီအစည်းအဝေးတွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အစီအစဉ်များသည် OECD နှင့် အာဆီယံနိုင်ငံများရှိ မူဝါဒချမှတ်သူများအကြား ကောင်းမွန်သည့် လက်တွေ့လုပ်ဆောင်ချက်များနှင့် အပြန်အလှန်ဖလှယ်ခြင်း၊ လေ့လာခြင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်။

Under embargo until 13 November 2014, 18:30 p.m. Myanmar time (GMT+6:30)